မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

September 23, 2025 Volume 94, Number 17


၂၃. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၈.၇၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၉၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၅.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၁၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၀.၃၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၀၃ ကျပ် |

## ရှမ်းပြည်နယ်စိုက်ပျိုးရေးကဏ္ဍ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်



ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့စိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံး ဝင်ရောက်ထားတယ်လို့ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီကနေ သိရပါတယ်။

ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ ဟိုတယ်နဲ့ခရီးသွားလာရေးကဏ္ဍနဲ့ဝန်ဆောင်မှုကဏ္ဍတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လုပ်ကိုင်နေတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေနဲ့ ရှမ်းပြည်နယ်ရဲ့ဟိုတယ်နဲ့ခရီးသွားလာရေးကဏ္ဍမှာ အများဆုံးရင်းနှီးမြှုပ်နှံမှုရှိပြီး ဒုတိယကတော့ စက်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံထားတယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်အတွင်းစိုက်ပျိုးရေးကဏ္ဍ၊မွေးမြူရေးကဏ္ဍ၊ဟိုတယ်နဲ့ခရီးသွားလာရေးကဏ္ဍ၊ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနဲ့ သတ္တုတူးဖော်ရေးကဏ္ဍတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြဖို့ကိုလည်း ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ဖိတ်ခေါ်ထားပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၃ ခုနဲ့မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၈၈ ခုရှိပါတယ်။

ထို့ပြင် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈ ခုနဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု ခွင့်ပြုထားပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်နဲ့ ကျပ် သန်း ၄၆,၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

အဲဒီရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကနေ ပြည်တွင်းလုပ်သားဦးရေ ၁၆,၀၀၀ ကျော်ကို အလုပ်အကိုင်နေရာတွေ ဖန်တီးပေးနိုင်ခဲ့ပြီး ပြည်ပလုပ်သားဦးရေ ၆၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်အတွင်း အသင့်အတင့်ဖွံ့ဖြိုးပြီးဇုန်အဖြစ်သတ်မှတ်ထားတဲ့မြို့နယ်တွေမှာ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းတွေအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ် ခွင့်ပြုပေးထားပြီး ဖွံ့ဖြိုးမှုနည်းတဲ့ဇုန်အဖြစ် သတ်မှတ်ထားတဲ့ မြို့နယ်တွေမှာ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းတွေအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ၇ နှစ် ခွင့်ပြုပေးထားပါတယ်။

**Source :** https://onenewstvchannel.com/

## ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးတည်ငြိမ်၍ ဧည့်မထဆန်(ဟောင်း) ဈေးဆင်းကျကာ၊ ဧည့်မထဆန် (သစ်) ဈေးမြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့်ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင်ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၁၅.၉.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနော်သုခ)(ဟောင်း) တစ်အိတ် ၆၀,၀၀၀ကျပ်၊ ဧည့်မထဆန်(မနော်သုခ)(သစ်)တစ်အိတ် ၅၁,၀၀၀ ကျပ်၊ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ် ၄၃,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၂.၉.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန် (မနော်သုခ)(ဟောင်း)တစ်အိတ် ၅၈၀၀၀ကျပ်၊ ဧည့်မထဆန်(မနော်သုခ) (သစ်) တစ်အိတ် ၅၂,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနော်သုခ)(ဟောင်း)တစ်အိတ် ၂၀၀၀ ကျပ်ဈေးကျဆင်း၍ ဧည့်မထဆန် (မနော်သုခ)(သစ်) တစ်အိတ် ၁၀၀၀ကျပ် ဈေးမြင့်တက်ကာ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိသည်။

ဧည့်မထဆန်(မနော်သုခ)(ဟောင်း) ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီးဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပြီး ဧည့်မထဆန်(မနော်သုခ)(သစ်) ဈေးမြင့်တက်သွားခြင်းမှာ စပါးဈေးကျဆင်း၍ ဆန်ကြိတ်ခွဲမှုလျော့သွားကာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## သီတင်းကျွတ်မီးထွန်းပွဲတော်ကြောင့် မန္တလေးဈေးကွက်အတွင်း အလှဆင်မီးပုံးများနှင့် မီးထွန်းအရုပ်များ ရောင်းအားကောင်းနေ



မကြာမီတွင် ကျရောက်တော့မည့် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် အလှဆင်မီးပုံးများနှင့် မီးထွန်းအရုပ်များကို မန္တလေးဈေးကွက်အတွင်း ယခင်နှစ်ထက် ပိုမိုရောင်းချနေရကြောင်း မန္တလေးမြို့ရှိ မြန်မာ့ရိုးရာမီးထွန်းအရုပ်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရပါတယ်။

လက်ရှိမှာ သီတင်းကျွတ်မီးထွန်းပွဲတော်ကာလအတွက် မြန်မာ့ရိုးရာလက်မှုပစ္စည်းများဖြစ်သည့် အလှဆင်မီးပုံးများနှင့် မီးထွန်းအရုပ်များအား စတင်ရောင်းချနေရပြီး အထူးသဖြင့် မန္တလေးမြို့တွင်း၌ အဓိက

အများဆုံးပို့ဆောင်ရောင်းချနေရကာ နယ်ဒေသများသို့ အနည်းငယ်သာ တင်ပို့မှုပြုလုပ်လျက်ရှိကြောင်း သိရပါတယ်။

ဒီနှစ်က မီးထွန်းအရုပ်၊ မီးပုံး လုပ်ကိုင်တဲ့သူနည်းတယ်။ ဝယ်ယူမှု ကတော့ လျော့မသွားတဲ့အတွက် အခုကတည်းက ကြိုတင်အော်ဒါတွေနဲ့ တော်တော်လေးရောင်းရပါတယ်။ ကျွန်တော်တို့က မီးထွန်းအရုပ်ပေါင်း ၁၈ မျိုးလောက်ကို ထုတ်လုပ်ပါတယ်လို့ မန္တလေးမြို့ရှိ မြန်မာ့ရိုးရာ မီးထွန်းအရုပ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

မီးထွန်းအရုပ်နှင့် မီးပုံးများပြုလုပ်ရန်ကဆုန်လကျော်ပြီးနောက်ပိုင်းမှ စတင်ကာပစ္စည်းများစုဆောင်းတာဖြစ်ပြီး တော်သလင်းလအတွင်း၌ မီးပုံးအရုပ်များ လှိုင်လှိုင်ရောင်းချရကြောင်းနှင့် နှစ်စဉ်ယခုလိုအချိန်တွင် ရောင်းချနေရပြီး ယခုနှစ်တွင် ယခင်နှစ်တွေကထက် ပိုမိုပြုလုပ်ရကြောင်းလည်း သိရပါတယ်။

မီးထွန်းအရုပ်များကို ပြုလုပ်ရာတွင် စတင်လုပ်ဆောင်ချိန်မှ ပြီးဆုံးချိန်အထိ အချိန်အားဖြင့် နှစ်ပတ်ဝန်းကျင်ခန့်ကြာမြင့်ကြောင်း၊ ဝါးခုတ်ခြင်း၊ ကော်ကပ်ခြင်း၊ ပုံသွင်းခြင်း၊ စက္ကူကပ်ခြင်းနှင့်အခြားအဆင့်အမျိုးမျိုးတို့ကို ပြုလုပ်ပြီးနောက် ဈေးကွက်ဝင်သော မီးပုံးအရုပ်တစ်ခုကို ရရှိခြင်းဖြစ်သလို ယခုနှစ်အတွက် မီးထွန်းအရုပ်ဈေးနှုန်းများအနေဖြင့်လည်း အနည်းဆုံး ကျပ် ၂၀၀၀ မှ စတင်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချပေးကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ပုသိမ်မြို့၏ ပုစွန်ခြောက်ဈေးကွက် အခြေအနေ



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အတွင်းရှိ ဈေးကြီးများနှင့် ကုန်စည်ဒိုင်များတွင် ပုစွန်ခြောက်များ ပုံမှန်ရောင်းချလျက်ရှိပြီး ဒေသတွင်းထွက်နှင့် ရခိုင်ဘက်မှ တင်ပို့လာသော ပုစွန်ခြောက်များ ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုသိမ်မြို့သည် ပုစွန်ခြောက်ထုတ်လုပ်ရာဒေသအဖြစ် ထင်ရှားပြီး ဒေသတွင်းထွက်ပုစွန်ခြောက်များမှ အရည်အသွေးကောင်းမွန်သည်ဟု နာမည်ကြီးသည်။ ပုစွန်ခြောက်သည် ရာသီမရွေး ပုံမှန်အရောင်းအဝယ်ဖြစ်သော ကုန်ခြောက်ပစ္စည်းတစ်မျိုးလည်း ဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်ပိုင်းအတွင်း ပုသိမ်မြို့ဈေးကွက်တွင် ပုစွန်ခြောက် အကောင်ကြီးစား တစ်ပိဿာလျှင် ကျပ် ၁၅၅,၀၀၀ မှ ၁၆၀,၀၀၀ အထိ၊ အလတ်စားတစ်ပိဿာလျှင် ကျပ် ၁၂၅,၀၀၀ မှ ၁၃၀,၀၀၀ အထိ၊ အသေးစား တစ်ပိဿာလျှင် ကျပ် ၁၁၀,၀၀၀ မှ ၁၂၀,၀၀၀ အထိ ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုစွန်ခြောက်အသေးအမှုန့်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၉၅,၀၀၀ မှ ၁၀၀,၀၀၀ အထိ ရောင်းချလျက်ရှိပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ် နေ့စဉ်အသုံးပြုမှုများကြောင့် ဝယ်လိုအားကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပုသိမ်မြို့ထွက် ပုစွန်ခြောက်တွေဟာ အရည်အသွေး ကောင်းတဲ့အတွက် ပြည်တွင်းဈေးကွက်မှာရော နိုင်ငံ တကာ တင်ပို့မှုမှာပါ ဝယ်လိုအားမြင့်မားပါတယ်။ ယခုလအတွင်း ပုစွန်ခြောက်ဈေးနှုန်းများ တည်ငြိမ်မှုရှိပြီး ပုံမှန်အရောင်းအဝယ် ဖြစ်နေပါတယ်" ဟု ပုသိမ်မြို့ကုန်စည်ဒိုင်တစ်ခုမှ ကုန်သည်တစ်ဦးက ပြောသည်။

ပုသိမ်မြို့မှ ပုစွန်ခြောက်များကို ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများသို့လည်းကောင်း၊ နိုင်ငံတကာဈေးကွက်များသို့ လည်းကောင်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA (ဧရာဝတီ)**

https://www.doca.gov.mm/

## ဈေးနှုန်းမြင့်တက် အာလူးဈေးကွက်



ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့တွင် အာလူးအသစ်များထွက်ရှိနေသောကြောင့် အာလူးဈေးများ အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် အာလူးအဓိက စိုက်ပျိုးသောဒေသများမှာ ပင်လောင်း၊ ပင်းတယ၊ နောင်တရား၊ တီကျစ် နှင့်အောင်ပန်းဒေသများဖြစ်ပြီး ယခုစက်တင်ဘာလ(ပထမ)အပတ်တွင် နောင်တရား နှင့်တီကျစ်ဒေသများမှ အာလူးများအသစ်ထွက်ရှိနေသောကြောင့် အာလူးဈေးများမှာ ယခင်လထက် ဈေးအနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

ယခင်လမားကစ်S-2/S-3 တစ်ပိဿာ ၅၀၀၀ ကျပ်၊ မျက်နီS-2/S-1 တစ်ပိဿာ ၄၅၀၀ ကျပ်၊ ဒေသA-1 တစ်ပိဿာ ၃၀၀၀ ကျပ်နှင့်ဂေါ်လီဆိုဒ် ၂၀၀၀ ကျပ်ရှိပြီး ယခုလ(ပထမ)အပတ်တွင် မားကစ် S-2/S-3 တစ်ပိဿာ ၆၅၀၀ကျပ်၊ မျက်နီ S-2/S-1 တစ်ပိဿာ ၆၀၀၀ ကျပ်၊ ဒေသA-1 တစ်ပိဿာ ၄၀၀၀ ကျပ်နှင့် ဂေါ်လီဆိုဒ် တစ်ပိဿာ ၂၅၀၀ ကျပ် အထိ မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**Source : DOCA(ရှမ်း)**

https://www.doca.gov.mm/

## တရုတ်နှင့်အင်ဒိုနီးရှားတို့သည် ပြည်တွင်းငွေကြေးစနစ်သုံး မူဘောင်သစ်ကို စတင်ဖော်ဆောင်

တရုတ်နိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့၏ဗဟိုဘဏ်များသည် ၁၁-၉-၂၀၂၅ ရက်နေ့တွင် နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပြည်တွင်းငွေကြေးအသုံးပြုမှုကို ပိုမိုအထောက်အကူပြုနိုင်ရန်ရည်ရွယ်၍နှစ်နိုင်ငံကြားငွေပေးငွေယူလုပ်ငန်းများအတွက် ပြည်တွင်းငွေကြေးစနစ်သုံးမူဘောင်တစ်ရပ်(local currency settlement framework)ကို တရားဝင်ထုတ်ပြန်ခဲ့သည်။

အဆိုပါစနစ်သစ်သည် ၂၀၂၅နှစ် မေလတွင်လက်မှတ်ရေးထိုးခဲ့သည့်နားလည်မှုစာချွန်လွှာကိုအခြေခံထားပြီး ယခင်ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အရ ငွေပေးချေမှုလက်ကျန်ပစ္စည်းများအားလုံး(all balance-of-payments items)ကို အကျုံးဝင်စေရန် ဒေသတွင်းငွေကြေးအသုံးပြုမှုနယ်ပယ်ကို တိုးချဲ့ခြင်းဖြင့် အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

၁၁-၉-၂၀၂၅ ရက်နေ့တွင် တရုတ်-အင်ဒိုနီးရှား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးနှစ်ဦးသည် တရုတ်-အင်ဒိုနီးရှား နယ်စပ်ဖြတ်ကျော် QR code ချိတ်ဆက်မှုစီမံကိန်း(China-Indonesia cross-border QR code interconnection project)၏ နှစ်ဘက်စမ်းသပ်မှု(two-way trial)ကို စတင်ကြောင်းကြေညာခဲ့သည်။ ယင်းသည် ငွေပေး၊ငွေယူကိစ္စများကို ပြည်တွင်းငွေကြေးဖြင့် ရှင်းလင်းနိုင်စေမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် အပြည့်အဝလည်ပတ်နိုင်ရန် မျှော်မှန်းထားသည်။

တရုတ်ပြည်သူ့ဘဏ်(People's Bank of China- PBOC)၊ ဘဏ်အုပ်ချုပ်ရေးမှူး ပန်ကုန်ရှန်း(Pan Gongsheng)က တရုတ်-အင်ဒိုနီးရှားနှစ်နိုင်ငံကြား ငွေပေး၊ငွေယူလုပ်ငန်းများအတွက် ပြည်တွင်းငွေကြေးစနစ်သုံးမူဘောင်(local currency settlement framework)ထူထောင်ခြင်းနှင့်နယ်စပ်ဖြတ်ကျော် QR code ငွေပေးချေမှုများချိတ်ဆက်ခြင်း(interconnection of cross-border QR code payments)တို့သည် တရုတ်-အင်ဒိုနီးရှား ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု (China-Indonesia financial cooperation) ၏ အရေးပါသောအောင်မြင်မှုများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေပေးချေမှုစနစ်ချိတ်ဆက်ခြင်း(payment system connection)၊ ပြည်တွင်းငွေကြေးအသုံးပြုခြင်း(local currency use)နှင့် ဒီဂျစ်တယ်ငွေကြေးများ(digital currencie)ကဲ့သို့သောကဏ္ဍများတွင် သက်ဆိုင်ရာဗဟိုဘဏ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း Pan ၏ ပြောကြားချက်အရ သိရသည်။

PBOC အဆိုအရ တရုတ်-အင်ဒိုနီးရှား ဘဏ်နှစ်ခုသည် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာနှင့် ပိုမိုခိုင်မာစွာ ဆက်လက်လုပ်ဆောင်ရန်နှင့် ပိုမိုထိရောက်စေရန်ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ခု(joint working mechanism) ကိုလည်း ထူထောင်သွားမည်ဖြစ်သည်။

**Source : https://en.people.cn/n3/2025/0912/c90000-20365305.html**

**လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့**

https://myantrade.gov.mm/

## ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပငွေလွှဲဝင်ရောက်မှုသည် ကျောင်းဖွင့်ရာသီဖြစ်သည့်ဇူလိုင်လတွင် အမြင့်ဆုံးဖြစ်ခဲ့

ဖိလစ်ပိုင်ပြည်ပအလုပ်သမား(Oversea Filipinos Workers-OFWs)များမှ ငွေလွှဲပေးပို့မှုသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လက အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ ဘီလီယံအထိရောက်ရှိခဲ့ပြီး ဇန်နဝါရီလမှ ဇူလိုင်လအထိ ၇ လတာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လက အမေရိကန်ဒေါ်လာ ၃ ဒသမ ဝ၈ ဘီလီယံရရှိခဲ့ခြင်းဖြစ်သဖြင့် နှိုင်းယှဉ်မည်ဆိုပါက ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်မှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များတွင် ဖော်ပြထားသည်။

လွှဲပို့ငွေများအနက် သင်္ဘောသားငွေလွှဲပေးပို့မှု Sea-based OFWs များထံမှ လွှဲပို့ငွေသည် Land-based OFWs များထံမှ လွှဲပို့ငွေထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါကြောင်း ၁၅-၉-၂၀၂၅ ရက်နေ့က ဖိလစ်ပိုင်ဗဟိုဘဏ်မှထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

Land-based OFWs များထံမှ လွှဲပို့ငွေသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉ ဘီလီယံရှိခဲ့ပြီး Sea-based OFWs များ၏ လွှဲပို့ငွေမှာ အမေရိကန်ဒေါ်လာ ၅၈၅ သန်းခန့်သာရှိခဲ့သော်လည်း အဆိုပါပမာဏသည် လျင်မြန်သော နှုန်းထားဖြင့် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ၃ ဒသမ ၁ ရာခိုင်နှုန်း ထိတိုးမြင့်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

၂၀၂၅ ခုနှစ်၊ ပထမ ၇ လတာကာလအတွင်း စုစုပေါင်းပြည်ပငွေလွှဲဝင်ရောက်မှု သည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၃ ဘီလီယံ ထိရှိခဲ့ပြီး ၂၀၂၄ ခုနှစ်၊ အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ဗဟိုဘဏ်မှ ခန့်မှန်းတွက်ချက်ထားသည့် တစ်နှစ်ပတ်လုံးစာလွှဲပို့ငွေစုစုပေါင်းပမာဏဖြစ်သော အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၅ ဘီလီယံ၏ ၅၆ ဒသမ ၁ ရာခိုင်နှုန်း ထိရရှိထားခဲ့ပြီးဖြစ်သည်။

ဇူလိုင်လကုန်အထိ ပြည်ပငွေလွှဲဝင်ရောက်မှုမှာ အမေရိကန်နိုင်ငံမှ ၄၀ ဒသမ ၃ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံမှ ၇ ဒသမ ၁ ရာခိုင်နှုန်း၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၅ ရာခိုင်နှုန်းနှင့် ယူကေနိုင်ငံမှ ၄ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးဖြစ်သည်။

ပြည်ပငွေလွှဲဝင်ရောက်မှုအများဆုံးမှာ အမေရိကန်အခြေစိုက်ဘဏ်များနှင့် ငွေရေး ကြေးရေးအဖွဲ့အစည်းများမှဖြစ်သည်ကို တွေ့ရှိရသဖြင့် အမေရိကန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ပြည်ပငွေလွှဲများအတွက် အဓိကငွေလွှဲဝင်ရောက်ရာအရင်းအမြစ် တစ်ခုဖြစ်ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်မှထုတ်ပြန်ထားသည်။

ထို့ပြင် ပြည်ပငွေလွှဲများတိုးမြင့်ဝင်ရောက်ခြင်းအနက် ကိုယ်ရေးကိုယ်တာအတွက် ငွေလွှဲပေးပို့မှု (Personal Remittance) သည် အဓိကမောင်းနှင်အားတစ်ခုအဖြစ် ပါဝင်လျက်ရှိကြောင်း၊ Personal Remittance ပမာဏသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၃ ဘီလီယံ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၃ ဘီလီယံထိရရှိခဲ့သဖြင့် ၃

၁သမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁.၅၃ ဘီလီယံမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၁ ဘီလီယံထိရရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

ဇူလိုင်လအတွင်း Personal Remittance မြင့်တက်ခဲ့ရခြင်းမှာ ကျောင်းဖွင့်သည့်ရာသီဖြစ်သဖြင့် မိသားစုများအနေဖြင့် ကျောင်းလခများနှင့် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများဝယ်ယူရာတွင် သုံးစွဲနိုင်ရန်လွှဲပို့ပေးကြခြင်းကြောင့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ကျောင်းဖွင့်ကာလအပြင် ပြည်ပလွှဲပို့ငွေမြင့်တက်ရခြင်းအကြောင်းအချက်မှာ ဒေါ်လာငွေကြေးတန်ဖိုးပိုမိုခိုင်မာအားကောင်းလာခဲ့ခြင်းနှင့် Sea-based OFWs များ၏ ၂၀၂၅ ခုနှစ်အတွင်း အလုပ်အကိုင်ရရှိမှုမြင့်တက်လာခြင်းတို့ကြောင့်လည်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ OFWs များ၏ ပြည်ပငွေလွှဲပေးပို့မှုသည် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ အိမ်ထောင်စုများအတွက်လည်း ကျောထောက်နောက်ခံအကြောင်းအချက်တစ်ခုအနေဖြင့် အရေးပါလျက်ရှိနေပါကြောင်း ဖော်ပြပါရှိသည်။

**Source:** https://mb.com.ph/2025/09/15/remittances-hit-seven-month-high-in-july-driven-by-school-season

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (23.9.2025)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 23rd Sep. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,182 (Shares) | 35,249,750 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 178 | 1,352,800 | 33,109,694 | 251,634 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,380 | 4,416,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,800 | 7,800 | 7,700 | 65 | 503,500 | 10,400,986 | 80,088 |
| FPB | 00004 | 2,850 | +300 | +11.76% | 2,600 | 2,850 | 2,600 | 8,082 | 22,085,700 | 29,664,613 | 84,544 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 750 | 1,987,500 | 12,823,224 | 33,982 |
| EFR | 00006 | 1,900 | -50 | -2.56% | 1,950 | 1,950 | 1,900 | 504 | 957,800 | 19,977,223 | 37,957 |
| AMATA | 00007 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,150 | 795 | 2,517,650 | 10,497,598 | 34,117 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,300 | 428 | 1,428,800 | 23,804,946 | 79,747 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 23rd Sep. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 385.24 | +3.91 | +1.03% | 382.67 | 385.24 | 381.29 | 12,182 | 35,249,750 | 8 | 726,642 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Sep. 2025

| Trading Volume | Trading Value |
|---|---|
| 13,050 (Shares) | 37,549,950 (MMK) |

## Main Board

As of 1:00 pm, 23rd Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,182 (Shares) | 35,249,750 (MMK) |

| MYANPIX | 385.24 ▲ 3.91 |
|---|---|
| Total Volume (shares) | 12,182 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 726,642 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,850 | ▲ 300 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 1,900 | ▼ 50 |
| AMATA | 00007 | 3,250 | ▼ 50 |
| MAEX | 00008 | 3,350 | ▲ 0 |

TIR